
သျှင်ဗ
လှဖုရားရဲ့ ညို့တေးသံ

## အခန်း (၁)

"လှဖုရားတဲ့ လား၊ ရယ်ရတယ်နော်"

"ဟား ဟား"

ရယ်သံတွေကြောင့် လှဖုရား ခြေလှမ်းတွေ မှားကုန်၏။ အထပ်လိုက် လ က ်ထ ်မ ၂၁ မြဲမြဲစွာရှိနေခဲ့သည့် စာအုပ်တွေက လွတ်ကျသွားတော့မလိုဖြစ်ကာ ကမန်းကတန်း ဖိဆုပ်ထားလိုက်သည် ။

ဒီလိုရယ်မောလှောင်ပြောင်ခံခဲ့ရတာ ခုမှ မဟုတ်ပါ။ အလယ်တန်းကျောင်းသူဘဝတုန်းကဆိုလျှင်...

"ဟဲ့ နင်က လှဖုရား ဟုတ်လား"

ပခုံးတို့ ပြီး လာမေးသည် ။ နဖူးကခြေဖျားထိ တအံ့တဩကြီး ဆွဲချကြည့်ပြီး ခွက်ထိုးခွက်လန် ရယ်ကြကာ ကိုယ့်ရှေ့မှာ ပြောင်ပြောင်ပဲ ဖြစ်သည် ။

အပြစ်က လှဖုရားဆိုသော သူမဟာ အရပ်ကမြင့်မြင့်၊ လူက ဝဝ။ ထို့ပြင် ဘယ်ဘက်မျက်ခွံပေါ်မှာ အမာရွတ်တစ်ချက်ရှိကာ မျက်လုံးပေါ်ကို နည်းနည်း ပိကျနေသဖြင့် ကြည့်ရဆိုး၏။

ကိုယ့်ကိုယ်ကိုယ် မလှမှန်းသိသော်လည်း လှလည်း လှချင်မိသည် ။ ထို့ကြောင့် မေမေပေးခဲ့သည် ဆိုသော ဒီနာမည်လေးကို လှဖုရား နှစ်သ

က်ခဲ့သည် ။

ဒါပေမဲ့ ဒီနာမည်ကြောင့်ပဲ သက်တမ်းတစ်လျှောက်လုံးမှာ မျက်နှာငယ် အရှက်ရခဲ့ပြန်သည် ။

"ဘာဖြစ်လဲ သမီးရယ်၊ အမှန်တရားကို လက်ခံရဲဖို့ ကြိုးစားစမ်းပါ၊ သမီးက ဝတယ်၊ မျက်နှာမှာ အမာရွတ်လေး ဖျက်နေတော့ အလှပျက်တာပေါ့။ ဒါ အမှန်ပဲ မဟုတ်ဘူး လား"

ဖေဖေက အားပေးသည် ။ လှဖုရားကို နှိမ့်ချနေတာမဟုတ်မှန်း သိပါသည် ။ ဖေဖေ့ရှေ့မှာ ငိုခဲ့တိုင်း ဖေဖေ မသိမသာ အံကြိတ်ရှာသည် ။ လှဖုရား လက်မောင်းလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး အကြာကြီးနေပြီးမှ အားပေးစကား ပြောနိုင်ခဲ့သည် ။

ဒါတွေကို လှဖုရား သိသည် ။

သို့သော် တစ်သက်လုံး ဒီလိုရယ်သံတွေကို ကြားနေရတာ ရွှန်ခဲ့ပြီး ကြားလိုက်ရတိုင်းလည်း ခံနိုင်ရည်မရှိခဲ့တာ မှန်နေပြန်သည် ။

ဒီလိုကဲ့ရဲ့ လှောင်ပြောင်သံတွေကို နားရည်ဝနေချင်သည် ။ သူများ တကာတွေလို သူငယ်ချင်းတွေနဲ့ ကင်န်တင်းထိုင်လိုက်၊ အတန်းလစ်ပြီး လျှောက်လည်လိုက်နှင့် ပျော်ပျော်နေချင်သည် ။

ခုတော့ လှဖုရားမှာ သူငယ်ချင်းဆိုလို့ ရှားရှားပါးပါး တစ်ယောက်ပဲ ရှိသည် ။

သူမက မေသူခိုင် ဖြစ်၏။ တက္ကသိုလ်တက်နေနိုင်ပေမယ့် မိဘက စီးပွားရေး မတောင့်တင်းသဖြင့် ခိုင့်ခမျာ ကျောင်းကို အချိန်မီအောင် မနည်းလာရသည် ။

အတန်းပြီးတာနှင့် အိမ်ကို တန်းပြန်ပြေးရ၏။ ငါ မေမေ့ကို ဝိုင်းကူရ

ဦးမှာ ဟူသော စကားက နာရီတကြည့်ကြည့်နှင့် ဖြစ်လာတိုင်း မမေးရလဲ ပြောတတ်တာ ဖြစ်သည် ။

ထို့ကြောင့် လှဖုရားမှာ အထီးကျန်ဆန်ခဲ့ရသည် ။

ခြေလှမ်းတို့ ဟာ ဘယ်မှ လည်း သွားစရာမရှိသောကြောင့် အတန်းထဲသို့ တည့်တည့် ဦးတည်ခဲ့မိ၏။

"အစားလေးတော့ နည်းနည်းလျှော့ပါ အချစ်ဆုံးလေးရာ.. မင်း သိပ်ဝမှာ စိုးတာ..."

ကော်ရစ်ဒါတစ်လျှောက်မှာ စနောက်သံတွေ ပါလာ၏။

"လုပ်မနေနဲ့ ဟိတ်ကောင်၊ လျှော့လဲ ထူးမယ့်ပုံ မရှိတော့ဘူး။ အိုဗာဝိတ် ဖြစ်နေပြီ"

"ဟား ဟား ဟား"

"မင်းကလဲ ဘာဖြစ်လဲကွာ၊ ဝတာလေးနဲ့ မလှတာလေးပဲရှိတာ"

"ဟား ဟား"

လှဖုရား နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်လျက် ခြေလှမ်းကို ပိုတင်လိုက်သည် ။ မျက်လုံးထဲမှာ ရယ်သံတွေအစား ပြဲဟနေသည့် ပါးစပ်တွေကို တန်းစီမြင်ကာ ကိုယ့်မျက်နှာကို ဘယ်မှာ သွားဝှက်ရမှန်းမသိလောက်အောင် ရှက်ရွံ့ထူပူနေမိ၏။

"ဒါတွေကို ကြားဖူးနေတာပဲ သမီးရယ်၊ သမီး ခံနိုင်ရည်ရှိဖို့ ပဲ အားမွေးစမ်းပါ"

ဖေဖေက ခံနိုင်ရည်ရှိစမ်းပါတဲ့ ။ ဒီလူတွေကကော လှဖုရားဆိုတဲ့ မိန်းကလေးဟာ ဒီလို ဒီပုံစံပဲ ဆိုတာကို မြင်ဖူး တွေ့ဖူးနေကြပါလျက်နှင့်

ဘာဖြစ်လို့ မြင်တိုင်းပဲ ထူးဆန်းနေကြတာလဲ။

တစ်ဖက်သားကို မစာနာကြတော့ဘူလား။

မျက်ရည်တွေ မျက်ဝန်းထဲမှာ ပြည့်သိပ်လာသည် ။ ရှေ့မှာ လမ်းက လေးက ဝေဝါးသွား၏။ ကော်ရစ်ဒါတစ်ဆစ်ချိုးအကွေ့မှာ မျက်ရည်နှစ်စက် ပေါက်ခနဲ ကြွေဆင်းသွားခဲ့ပြီး..

"ဟာ.."

"အမေ့.."

တစ်စုံတစ်ယောက်နှင့် ပစ်တိုက်သွားခဲ့၏။ တိုက်လိုက်သည့် အရှိန် က စာအုပ်တွေကို အရင်ထိကာ အရှိုက်ကို ဝင်ဆောင့်သဖြင့် ရင်ဝမှာ အောင့်သွားသည် ။

စာအုပ်တွေလည်း လွတ်ကျကုန်လေသည် ။

"ဆောရီး.. ဆောရီးနော်၊ ကျွန်တော် ငေးလာတာပါ"

ရင်ဝက အောင့်နေတာနှင့် မျက်လုံးထဲမှာ မျက်ရည်လက်ကျန်ကြောင့် လှုဖုရားစာအုပ်တွေ ကောက်ဖို့ ငုတ်တုတ်ထိုင်ချလိုက်ပေမယ့် ဘာမှလည်း မလုပ်ဖြစ်။

"ဒီမှာ ညီမ.. ညီမစာအုပ်တွေ၊ ဒီမှာ ပိုက်ဆံအိတ်"

လက်ထဲကို သူထည့်ပေးနေသည် ။ အသံက သြရှရှလေးနှင့် နားထဲမှာ စမ်းရေစီးသွား၏။ မျက်တောင်တွေကို ကမန်းကတန်းကြီး ဖိပိတ်ပုတ်ခတ်ပစ်လိုက်မိသည် ။

ရှေ့ကလူကို မြင်ရသောအခါ..

"ဟင်.."

နှုတ်ခမ်းပိတ်၍ ပြုံးပြနေ၏။ မြင်ဖူးသမျှ ယောကျ်ားတွေထဲမှာ အချောဆုံး ပြုံးအလှပိုင်ရှင်ပါ။ ဖြူဝင်းသော အသားနှင့် ဆံပင်ရှည် ကုပ်ထောက်ကို သပ်သပ်ရပ်ရပ် ဖြီးလှန်ထားသည် ။

မျက်ခုံးက သိပ်မထူဘဲ မည်းနက်၍ အဖျားရှူးသွားသည် ။ နှာတံ၊ နှုတ်ခမ်း။ သူ့မျက်နှာကို လှဖုရား ငေးမောနေခဲ့သည့် အဖြစ်အတွက် ပြုံးနေရင်း သူက ခေါင်းငုံ့၍ သွားတွေပေါ်အောင် ထပ်ရယ်ပြသည် ။

"ကျွန်တော်က ဖန်ဆင်းရဲပါ။ ကျောင်းထဲ ခဏလာတာပါ။ ညီမ ရရဲ့လား၊ စောစောက မျက်နှာမဲ့သွားသလားလို့ ။ တိုက်မိတာ ဗိုက်အောင့်သွားတယ်ထင်တယ်"

"ဟင်.. ဩော်.. ရပါတယ်"

"ဟုတ်လား၊ ဒါဆို ခွင့်ပြုပါဦး"

သူ နောက်ထပ် ခေါင်းငုံ့နှုတ်ဆက်ပြီး ထထွက်သွားလေသည် ။ ထိုအခါကျမှ မနီးမဝေးမှာ ဝိုင်းဝန်းကြည့်ရှုနေကြသော မျက်နှာများ စွာကို လှဖုရား သတိထားလိုက်မိသည် ။ အားလုံးနီးပါးသည် မိန်းကလေးများပဲဖြစ်ကာ နှုတ်ခမ်းပေါ် လက်နှင့်ကပ်တွယ်၍ ရယ်သည့်သူက ရယ်နေသည် ။

တချို့ကတော့ စာအုပ်တွေပိုက်လျက် ပြောင်ပြောင်ကြီး ရယ်နေကာ မျက်လုံးတို့ က 'သနားပါတယ်'လို့ ပြောနေသည့်နှယ်။

လှဖုရား နောက်ထပ် ဘာကိုမှ မကြည့်တော့ဘဲ နေရာမှ ထရပ်ကာ ခပ်သုတ်သုတ် ထွက်လာခဲ့မိ၏။

သူတို့ ဘာကိုရယ်ကြမှန်း သိသည် ။ နောက်ထပ် မျက်ရည်တွေဝေ့လာတော့ အံကြိတ်ထားလိုက်မိသည် ။

နေ့စဉ် ကျောင်းကိုဝင်လာတိုင်း ဤသို့ ရင်ဆိုင်ကျော်ဖြတ်နေရသည့် ဒုက္ခများမှ အမြန်ဆုံး ဝေးရပါစေဟု သာ ဆုတောင်းခဲ့မိသည် ။

ဘဝဆက်တိုင်း နတ်သမီးလေးလို လှပါစေ။

******

# အခန်း (၂)

ခုံတန်းကလေးမှာ ထိုင်ပြီး မျက်လုံးထဲမှာ မြင်မြင်သမျှသည် ယုယကြင်နာနေကြသည့် စုံတွဲများ ပဲ ဖြစ်နေခဲ့သည် ။

တချို့က ခုံတန်းတွေမှာ ၊ တချို့ကျတော့ မြက်ခင်းစပ်စပ်မှာ ပခုံးချင်းထပ် မှီနွဲ့နေလျက်..။ လှဖုရားတစ်ယောက်တည်း နာရီငုံ့ကြည့်လိုက်၊ ခိုင့်ကို မျှော်ကြည့်မိလိုက်။

ချိန်းလိုက်တိုင်း အမြဲနောက်ကျတတ်သည့် ခိုင့်ကို အမြဲတမ်းပဲ ခွင့်လွှတ်နေကျဖြစ်သည့်တိုင် စိတ်တိုမိရတာလည်း အခါခါ။

ချိန်းလိုက်ပြီဆို ဒီနေရာပဲ ဖြစ်သည် ။

"အတွဲတွေရှုပ်တာ ဘာဖြစ်လဲ။ အဲဒီအတွဲတွေကို မမြင်ချင်ရင် မျက်နှာလွှဲနေလို့ ရတယ်။ တခြား ဘယ်နေရာမှာ စိတ်ချရတာရှိသလဲ။ ပြီးတော့ ငါက ကြိုရောက်တာ တစ်ခါမှ မရှိဘူး။ နင့်တစ်ယောက်တည်း"

"ခိုင်ရယ် ငါ့လိုပုံကို ဘယ်သူကမှ ဂရုစိုက်နေမှာ မဟုတ်ဘဲနဲ့ ဘာကို ပူနေတာလဲ"

လို့ လှဖုရား ပြောတော့ ခိုင်က ပြူးပြူးပြဲပြဲ ပြန်ကြည့်၏။

"လှလှမလှလှ မိန်းကလေးက မိန်းကလေးပဲ။ လှတဲ့ သူကော၊ မလှတဲ့ သူကော ခန္ဓာကိုယ် ရှိတာပဲ လှဖုရားရဲ့ ။ နင်ဟာ ဘာဖြစ်ဖြစ် 'ငါက

မှ မလှတာ’လို့ တွေးတော့တာပဲ ခက်တယ်"

ဆိုတာမျိုးလည်း သူမပဲ ပြောတတ်တာပါ။

ဟိုဒီ လိုက်ငေးနေရင်း လှဖုရား နာရီတစ်ချက် ကြည့်မိပြန်သည် ။ သို့သော် ဒီတစ်ခါ မျက်နှာပြန်မော့လိုက်တော့ ဟိုးအဝေးမှာ ခိုင့်ကို မြင်လိုက်ရ၏။

သူမ လက်မြှောက်ပြကာ ခိုင်က စလွယ်သိုင်းလွယ်ထားသည့် ရင်ဘတ်ပေါ်က လွယ်အိတ်ကြိုးလေးကို နှစ်ဖက်ဆုပ်၍ ပြေးလာသည် ။

"မိန်းမ ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး၊ မိနစ်နှစ်ဆယ် ရှိပြီ"

"ဟင် တကယ်.."

"ဟုတ်တယ် စိတ်ညစ်လို့ ပါဆိုမှ "

"ဖြစ်ရလေဟယ်"

ခိုင်က ဘေးမှာ ဆောင့်ခနဲဝင်ထိုင်၍ မဲ့ရွဲ့နေသည် ။

"ကိုယ့်အဖေ နောက်မိန်းမယူတာများ ထိုင်စိတ်ညစ်နေတော့လဲ မယူဘဲနေတော့မှာ မှ မဟုတ်တာ။ နောက်ပြီး နင့်ကိုမေးပြီးမှ နင်က သဘောတူပေးလိုက်တာဆို"

လှဖုရား ခေါင်းညိတ်လိုက်သည် ။ ကောက်ကွေ့ပုံသွင်းစရာ မလိုဘဲ တိုတိုလေး ညှပ်လိုက်တာနှင့် အထပ်လေးတွေ လန်တက်နေသည့် ဆံပင်တွေပေါ် ထပ်၍ ဖိသပ်ပွတ်ချ၏။

"ဟုတ်ပါတယ်၊ ငါသဘောတူပါတယ်။ ဒါပေမဲ့ဟာ ဘယ်သူက ပေးချင်မှာ လဲနော် နင် စဉ်းစားကြည့်ပါဦး။ အဖေတစ်ခု သမီးတစ်ခု နေ

လာခဲ့တာ ဘယ်လောက်ကြာပြီလဲ။ ဒီတိုင်းပဲ ဆက်နေသွားကြရင် ငါ့ဘ ဝ မ ၂၁ အထီးကျန် အဖော်မဲ့ ဖြစ်ခဲ့ရင်တောင် ဖေဖေ့ရင်ခွင်ရှိသေးတယ်ဆိုပြီး ဖြေသိမ့်စရာ ကျန်ဦးမှာ ။ ခုတော့.."

"သူလဲ အထီးကျန်အဖော်မဲ့ခဲ့တာ ကြာပြီပဲဟာ"

"ဟုတ်ပါတယ်၊ အဲဒါကြောင့်ပဲ ငါ သဘောတူပေးလိုက်တာပေါ့။ ဒါပေမဲ့ ဖေဖေ့မေတ္တာ အကြွင်းနာတွေကို ငါဆုံးရှုံးလိုက်ရပြီဆိုတာကို သိတယ်။ မေတ္တာမပျက်ဘူးဆိုတာတောင်မှ မျှဝေခံစားရတော့မယ်။ အဆင်မသင့်ရင် ဘေးရောက်သွားချင် သွားဦးမှာ "

"အဲဒီလို မဆိုးသေးပါဘူး လှဖုရားရယ်၊ ဦးက ခေတ်ပညာတတ် တစ်ယောက်ပဲဟာ။ ဒီလိုဖြစ်တတ်တာတွေကို နားလည်မှာ ပါ။ ပြီးတော့ နင့်မှာ အားနည်းချက်ရှိနေတာကို သိထားတဲ့ သူပဲ။ ကဲ အခု နင် ဘာလုပ်မှာ လဲ၊ တစ်နေရာ သွားချင်တာမဟုတ်လား၊ သွားမယ်လေ"

လှဖုရား ခိုင့်လက်ကလေးကို ဆုပ်ကိုင်လိုက်မိသည် ။ ခိုင်က ဒီလိုပါပဲ၊ အတန်းထဲမှာ လည်း ဘယ်သူနှင့်မှ သိပ်ရောရောနှောနှော မရှိဘဲ လှဖုရားကိုသာ ခင်သည် ။

ပြီးတော့ သူမက စာလည်း တော်သည် ။

"ကိုယ့်ကိုယ်ကိုယ် မလှဘူးဆိုပြီး ထိုင်အားငယ်နေလို့ ဘဝပါဆုံးဦးမယ်။ မရတာကို ထားလိုက်တော့ ရတာကိုပဲ ယူဖို့ ကြိုးစား"

ခိုင်နှင့်လှဖုရား စာကိုပဲ ကြိုးစားခဲ့ကြသည် မို့ နှစ်ယောက်လုံး မည့်ကြပေ။ ထို့ကြောင့် အားလုံးနှင့် ကင်းကင်းနေနိုင်သည် ။ သူများက လာရောတာတောင် ခိုင်က သိပ်ဂရုမစိုက်ခဲ့ပေ။

"ငါတို့ ပညာသင်ဖို့ ငါတို့ မိဘက ပေးတာ။ ဒီထမင်းဘူးထဲက

ထမင်းကလဲ သူတို့ ထည့်ပေးထားတာ မဟုတ်ဘူး ။ ငါတို့ မိဘတွေ ကျွေးတာ။ ဘယ်သူ ဘာကောင်ကြီးပဲဖြစ်ဖြစ် လှဖုရားရယ် ဒီစာသင်ခန်းထဲမှာ အားလုံးအတူတူပဲ။ ဘာကို အားငယ်ရမှာ လဲ"

ခိုင်က ထိုကဲ့သို့ မာနရှိသည် ။ ဒါကြောင့်လည်း လှဖုရား တက္ကသိုလ်မှာ ဒီနေ့ထိ ခိုင်ခိုင်မတ်မတ် ရပ်တည်နေနိုင်ခဲ့တာ ဖြစ်သည် ။

ဘာကြောင့်ပဲ စိတ်ဆင်းရဲ ဝမ်းနည်းနေနေ ခိုင့်ကို ရင်ဖွင့်လိုက်မိလျှင် ခွန်အားသစ်တွေ ပြောင်းလဲဖြစ်ပေါ် ခံစားခဲ့ရသည် ။ ခိုင်ဟာ လှဖုရား အတွက် ရဲဘော်ရဲဖက်ကောင်းတစ်ယောက် ဖြစ်၏။

" လာလေ ဘယ်ကိုသွားမှာ လဲ"

ခိုင်က နေရာမှ ထရပ်ပြီး ထပ်ခေါ်သည် ။ ရှည်လျားကော့နက်သည့် မျက်တောင်ထူထူတွေ ရုံခလျက် ရွှန်းတောက်နေသော မျက်ဝန်းညှို့များ ဖျတ်ခနဲ ပင့်တက်လာတာကို အပေါ်စီးကနေ ငေးကြည့်ရင်း ဒီမျက်ဝန်း လေးတစ်ဖက်ကို မြင်ရတိုင်း စိတ်မကောင်းဖြစ်ရတာလည်း အခါခါ။

လှဖုရားသည် တကယ်လှသည့် မိန်းမလှလေး ဖြစ်ခဲ့ပါလိမ့်မည်။

အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်လေးသာ ဖြစ်ခဲ့လျှင်..

ပြီးတော့ ဘယ်ဘက်မျက်လုံးလေးတစ်ဖက်သာ ပိကျမှေးစင်း မနေခဲ့လျှင်..

"ခိုင်"

"ဟင်"

ငေးနေမိသဖြင့် လှဖုရားခေါ်လိုက်တော့ ဆတ်ခနဲဖြစ်သွား၏။

"ပြန်ထိုင်စမ်းပါ"

"ဖြစ်ပြန်ပြီ"

ခိုင်က ဒေါသမပါဘဲ ဆောင့်ခနဲ ပြန်ထိုင်လိုက်ကာ..

"ဘာလဲ ပြော"

"ဖေဖေနဲ့ လက်ထပ်မယ့် ဒေါ်သက်မြဆွေ ဆိုတဲ့ အမျိုးသမီးကြီးကို နင် ဘယ်လိုထင်သလဲဟင်"

"တစ်ခါပဲ မြင်ဖူးတဲ့ ဥစ္စာ ငါ ဘယ်သိမလဲ၊ ချောတော့ တော်တော်ချောတယ်"

လှဖုရား ခေါင်းလေးညိတ်ကာ...

"ဖေဖေ့ထက် ရှစ်နှစ်ငယ်တယ်ဟ၊ ဒါပေမဲ့ အရမ်းငယ်သလိုပဲနော်။ သူက လှတယ်"

"မိန်းကလေးဆိုတာ လှသထက်လှအောင် နုသထက်နုပျိုအောင် ပြင်ကြတာပဲ"

"ဖေဖေက ခွဲစိတ်အထူးကုဆရာဝန်ကြီး ဆိုပေမယ့် သူတို့ လောက် မချမ်းသာဘူးဟ။ အဲဒါ ဖေဖေ့ကို ဘာဖြစ်လို့ လက်ထပ်တာလဲဆိုတာ ငါ စဉ်းစားလို့ မရဘူး။ ငယ်တယ်၊ ချောတယ်၊ ဒီလိုမိန်းမမျိုးက အထူးသဖြင့် အသက်ကြီးကြီးယောကျ်ားကို လက်ထပ်ဖို့ စဉ်းစားရင် အားကိုးရှာကြတာပဲ များ တယ်လေ။ သူ့ကျတော့.."

"လှဖုရားရယ် နင်က ကိုယ့်အဖေကို အမြဲမြင်နေရလို့ ပါ။ ပြီးတော့ ဒေါ်သက်မြတ်ဆွေက အရမ်းလှနေလို့ ဒီလိုတွေးမိတာ။ ဦးကလဲ ခန့်ချောကြီးပဲ ရှိသေးတဲ့ ဥစ္စာ။ မက်စရာမရှိဘဲ ယူတော့ တကယ်ချစ်လို့ ဖြစ်မှာ ပေါ့။ သူတို့ ဘယ်လိုနီးစပ်သွားခဲ့တာလဲ နင် မသိဘဲနဲ့ ဘာဖြစ်လို့ အဲဒါတွေ တွေးနေရတာလဲ"

လှဖုရား မျက်နှာလေးက မကြည်လင်ခဲ့ပေ။ အကြာကြီး ငိုင်နေပြီးမှ ခိုင့်ကို ခပ်စိမ်းစိမ်း မော့ကြည့်လိုက်ကာ..

"ငါ စိတ်ဝင်စားနေတာက ဒေါ်သက်မြတ်ဆွေလှတာကို မဟုတ်ဘူး ဟ.."

"ဘာကိုလဲ ပြောပါဦး"

"သူ့မှာ လဲ သမီးတစ်ယောက် ပါလာမယ်တဲ့ "

"ဟင်.. တကယ်"

ဒါက သတင်းထူးဖြစ်သည် ။ ဒေါ်သက်မြတ်ဆွေဟာ လှဖုရားရဲ့ ဖေ ဖေနဲ့ လက်ထပ်ဖြစ်တော့မည့် အခြေအနေအထိ ခိုင်သိသည် ။ သမီးတစ် ယောက်ပါမှာ ကို မသိခဲ့ပေ။

"အင်း"

မပြောသေးခင်ကတည်းက သိလိုက်တာတစ်ခုဟာ ထိုမိန်းကလေး သည် လည်း ဒေါ်သက်မြတ်ဆွေကဲ့သို့ ချောမောလှပလိမ့်မည်ဟု ..

"တော်တော်လှတယ်တဲ့ ဟ၊ နာမည်က အနမ်းပွင့်ခွေတဲ့ "

"သြော်.."လို့ တောင် မပြောရက်ခဲ့ပါ။ ခိုင် တကယ့်ကို စိတ်မကောင်း ဖြစ်သွားမိခဲ့သည် ။ မျက်ခွံတစ်ဖက်သာမက မျက်ခုံးမွေးတို့ လည်း တစ် ပင်မှ မရှိခဲ့သည့် မျက်နှာတစ်ခြမ်းလုံး အကျည်းတန်သည့် သူငယ်ချင်းဖြ စ်သူကို သနားမိသည် ။

သူမခမျာ လှသည့်ချောသည့်သူတွေကို ရှောင်ကွင်းနေခဲ့ရှာသည် ။ အဝေးက မြင်ရတိုင်းလည်း ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ပြီး ဝမ်းနည်း အားငယ်နေတတ်ခဲ့၏။ ခုတော့ ပြေးချင်ကာမှ တည့်တည့်တိုးဦးတော့မ

ည်။

"ဒါနဲ့ ငါ မေးဦးမယ်၊ သူတို့ က အရမ်းချမ်းသာတာဆိုပြီး နင်တို့ အိမ်မှာ လာနေကြမှာ တဲ့ လား"

"ဟုတ်တယ် ဒီညနေပဲ ပြောင်းလာကြတော့မှာ ။ ဖေဖေကတော့ အနမ်းပွင့်ခြွေက dancer လို့ ပြောတာပဲ"

"ဟင်.. ဘယ်လို.."

"ဟုတ်တယ်တဲ့ ။ နာမည်ကြီးအဆိုတော်တွေရဲ့ ရှိုးပွဲတွေမှာ ကတာတဲ့ ။ ဖေဖေ ပြောတာက အနမ်းပွင့်ခြွေက သူ့အဖွဲ့မှာ အကခေါင်းဆောင်ဆိုတော့ အဆို၊ အကတွေ တိုက်နေရတာနဲ့ အိမ်မှာ သိပ်ကပ်ရတယ်မရှိဘူးပေ့ါဟာ။ ငါနဲ့ လဲ ဆုံဖြစ်ဖို့ သိပ်မရှိဘူးပေ့ါ။ ပြီးတော့ သားအမိနှစ်ယောက်လုံး ပွင့်လင်းကြတယ်၊ သဘောကောင်းကြတယ်၊ အားမငယ်ပါနဲ့ ပေ့ါ"

မချိုပြုံးလေးနှင့် မျက်နှာလေးကို ခိုင်က စိုက်ကြည့်ပြီး ခေါင်းညိတ်သည် ။

"သူက အကတော်ရင် နင်လဲ အဆိုတော်တာပဲဟာ၊ ဘာဖြစ်လဲ ကျောင်းပြီးရင် ထူးချွန်အောင် ကြိုးစားပေ့ါ။ ငါ ဖြေသိမ့်နေတာ မဟုတ်ဘူး ။ နင့်အသံ အရမ်းကောင်းတာ"

"တော်ပါ ခိုင်ရယ်၊ လူမစွမ်းလို့ နတ်မတာပါ။ ငါ ဒီပုံစံကြီးနဲ့ အသံကောင်းတော့ရော ဘာလုပ်ရမှာ လဲ၊ လူတောထဲမှ မတိုးတာ"

"ဘာဖြစ်လဲ၊ ဆွံ့အနားမကြားတဲ့ လူတွေသာ နင့်လိုဆို ပြိုင်ပွဲတွေဝင်တဲ့ လူ ရှိမလား၊ ဆုတွေ ဘယ်လိုလုပ်ရကြမလဲ၊ ကိုယ့်ထက်ဆိုးတဲ့ ဘဝတွေကို ပြန်ကြည့်ပါဦး။ နင့်မှာ ဝ,တာကို ကုလို့ ရသေးတယ်၊ မျက်ခွံတစ်

ဖက် ပျက်စီးတာက မွေးရာပါလဲ မဟုတ်ဘူး "

"ဟုတ်ဟုတ် မဟုတ်ဟုတ် ဝ,တာကို ဝိတ်ချလို့ ပိန်သွားတော့ကော ဒီမျက်နှာကြီးနဲ့ ဘာလုပ်ရမှာ လဲ။ ပြောမနေပါနဲ့ ဟာ၊ ငါလဲ သေချင်လာပြီ"

"မသေပါနဲ့ ဦး၊ စိတ်ညစ်စရာရှိသေးတယ်၊ ကုန်အောင်ညစ်သွားလိုက်ဦး"

"ဘာလဲ"

ခိုင်က ပခုံးလောက်ဆံပင်ရှည်လေးတွေကို နောက်သို့ ဖြစ်သလို သိမ်းလှန်ပစ်လိုက်ပြီး ရှေ့ကို ပိုတိုးသည် ။ ပြောမည့်စကားကို ပို၍ စိတ်ဝင်တစားဖြစ်ပုံမျိုးနှင့် လှဖုရားလက်ကလေးပေါ်မှာ ထပ်ဆုပ်ကိုင်လိုက်ပြီးမှ ...

"နင် မနေ့က တစ်စုံတစ်ယောက်နဲ့ တိုက်မိခဲ့လား"

"ဟင်.."

ဟုတ်ပါရဲ့ ၊ မနေ့ကအဖြစ်ကို ခိုင့်ကိုပြောဖို့ မေ့နေသည် ။ မနေ့က ခိုင် ကျောင်းမတက်ပေ။

"ဟုတ်တယ်၊ ငါနဲ့ .."

"တော်တော်ချောတယ်၊ နာမည်က ဖန်ဆင်းရဲ တဲ့ "

လှဖုရား မပြောရသေးခင် ခိုင်က ဆက်ပြောလိုက်သဖြင့် တအံ့တသြဖြစ်သွားကာ...

"နင် သိနေတယ်"

"သိတာပေါ့၊ မနေ့က ငါ အတန်းမတက်ဘူး။ ဒီမနက် နင်က ပျက်တ

ယ်၊ ငါရောက်တာနဲ့ နင့်အကြောင်း လာပြောကြတာပဲ"

"ဟင်.. ဘာတွေပြောကြတာလဲ၊ အတင်းအဖျင်းတွေပဲ ဖြစ်မှာ ပါ"

"အစစ်ပေါ့"

ခိုင်က စိတ်မချမ်းသာဖွယ် ခေါင်းကို ဆတ်ခနဲညိတ်၍ နှုတ်ခမ်းက မဲ့ရွဲ့နေကာ..

"နင့်ကို ကြက်ကန်း ဆန်အိုးတိုးတာတဲ့ ။ အဲဒီတစ်ယောက်က နာမည်ကြီး DJ တဲ့ "

"DJ ဟုတ်လား"

"အင်း..၊ တို့ ဖိုင်နယ်က ကင်းရဲ့ အစ်ကိုလို့ ပြောတာပဲ"

"ဟုတ်လား၊ 'အနီရိပ်'ရဲ့ အစ်ကိုပေါ့၊ သူတို့ က ညီအစ်ကိုဝမ်းကွဲတွေလေ၊ သူက ပိုတောင် ချောသေးတယ်"

လှဖုရားပြောတော့ ခိုင်က ခေါင်းညိတ်ကာ..

"နင်ပဲ မြင်မှာ ပေါ့ ငါမှ မသိတာ၊ သူတို့ လဲ ဒီလိုပြောကြတာပဲ။ အဲဒီနေ့က ဒီဂျေက သူ့ညီဆီကို လာတာတဲ့ ။ အားလုံး လိုက်ငေးနေကြတဲ့ဟာ နင်နဲ့ မှ တည့်တည့်ဝင်တိုက်မိတာဆို"

"အင်း.. ဘာလဲ၊ ငါက တမင် ဇာတ်လမ်းရှာတာလို့ တော့ ပြောကြသေးလား"

ခိုင်က ခေါင်းခါမလို့ ပြင်ပြီးမှ ခေါင်းညိတ်လိုက်သည် ။

"အင်း ပြောတော့ပြောတယ်၊ ဒါပေမဲ့ မဟုတ်ဘူး ဆိုတာ သိတယ်။ အဲဒါကြောင့် ကြက်ကန်းဆန်အိုးတိုးတယ်လို့ ပြောတာပေါ့။ သူတို့ က ဇာတ်လမ်းရှာမလို့ စဉ်းစားနေတုန်း နင်က လက်ဦးသွားတယ်တဲ့ ။ နင်နဲ့

စကားတွေ ပြောသွားတယ်ဆို"

လှဖုရား ဘာမှ လည်း ပြောချင်စိတ်မရှိတော့ဘဲ မျက်နှာလွှဲသွားသည် ။

"ဖန်ဆင်းရဲ ဆိုတာ နင် သိလား"

ထပ်မေးတော့မှ ခေါင်းညိတ်လိုက်ကာ...

"သူပြောသွားတာပဲ၊ သူတို့ ငါ့ကို တအားကို လှောင်ရယ်နေကြမှာ ပဲ နော်"

"ဘာဖြစ်လဲဟာ၊ နင်က တမင်တကာ မဟုတ်ဘူး ၊ သူတို့ ကိုက ဖျတ်ဖျတ်လူးနေတာ။ ဖန်ဆင်းရဲဆိုတာကို နင့်ကို ဟိုက ကိုယ်တိုင်ပြောသွားတာ၊ သူတို့ က နောက်က တကောက်ကောက် လိုက်စုံစမ်းလို့ သိတာ။ နင်က မသိလို့ လှဖုရားရဲ့ ။ အဲဒီနေ့က သူတို့ ပြောပုံအရဆိုရင် ဖန်ဆင်းရဲကျောင်းကို ရောက်လာတာ တော်တော်လေး ဗရုတ်ဗရက် ဖြစ်ကျန်ခဲ့တာတဲ့ ။ အဲဒီလောက်ပဲ ချောသလား"

ပြောလည်း ပြော၍ ထပ်မေးလိုက်သေးသည် ။

လှဖုရားက ကန်ရေပြင်ထဲကို ငေးကြည့်နေပြီး ငိုတော့မလို မျက်နှာလေးနှင့် ခေါင်းငုံ့သွားရှာသည် ။

"မေးမနေပါနဲ့ တော့ဟာ၊ ငါတို့ သီချင်းသွားဆိုရအောင်"

"သွားလေ၊ အဲဒါကြောင့် စောစောက သွားရအောင်ပါဆိုတာ မထဘူး။ ပလေးဘွိုင်းကိုပဲ သွားမှာ လား"

"အင်း"

နှစ်ယောက် အတူထရပ်လိုက်မိကြသည် ။

ဒီလိုပါပဲ၊ စိတ်ညစ်ပြီဆို လှဖုရား သီချင်းဆိုချင်ပြီ။ မိုက်ကိုင်၍လည်း မျက်ရည်ကျချင် ကျနေတတ်သေးသည် ။

ဆိုနေရင်းနဲ့ 'မဆိုချင်တော့ဘူး'ထဖြစ်ချင် ဖြစ်ပြန်သည် ။ သနားတာကို မကြိုက်တတ်ပေမယ့် ခိုင်ကတော့ သနားကြင်နာခြင်းတွေ ရင်နဲ့ မဆံ့ပါ။

ရုပ်ဆိုးမလေးကို ပျော်စေချင်ပါ၏။

******

# အခန်း (၃)

"ဟိတ်"

တစ်ရေးနိုး ရေထသောက်တော့ ကြောက်နေတာ မဟုတ်ပေမယ့် တိတ်ဆိတ်ဆိတ်ဆိတ်ကြီးမှာ ပခုံးပုတ်ခေါ်လိုက်သဖြင့် လှဖုရား တုန့်ခနဲဖြစ်သွား၏။

လှည့်ကြည့်လိုက်တော့ 'အနမ်းပွင့်ခြွေ'ရယ်။

ညနေက အိမ်ပြန်ရောက်တော့လည်း ဒေါ်သက်မြတ်ဆွေကိုပဲ တွေ့ခဲ့သည် ။ သူမကို မမြင်ခဲ့ဖူးပါ။ ဒါပေမဲ့ မြင်လိုက်တာနှင့် အနမ်းပွင့်ခြွေမှန်း သိလိုက်တာက တအံ့တဩ ဖြစ်သွားလောက်အောင် လှနေ၍ ဖြစ်လေသည် ။

သန်းခေါင်ကျော် တစ်ရေးနိုးပေမယ့် သူမက လှနေဆဲ ဖြစ်၏။

အိန္ဒြာကျော်ဇင်လို ဆံပင်အထပ်တွန့်လေးတွေနှင့် မိတ်ကပ် မပြယ့် တပြယ်မျက်နှာလေးက လှနေသေးသည် ။

မျက်ခုံးတန်းလေးတွေက ထင်းနေ၏။ နှုတ်ခမ်းပါးလေးတွေက ထောင့်ချိုးလေးတွေ ပေါ်နေသည် ။ အရပ်က လှဖုရားလောက်ပဲရှိကာ အပြာရောင် ညဝတ်အင်္ကျီက သွယ်လျလှပသည့် သူမကိုယ်ပေါ်မှာ ပို၍ ကြည့်ကောင်းနေသလိုပင်။

"ဘာကြည့်နေတာလဲ၊ ယူက လှဖုရား ဆိုတာ မဟုတ်လား"

မေးပုံက ပခုံးတွန့် မျက်ခုံးပင့်လျက် နှုတ်ခမ်းစုံသည် ရယ်ဟဟနှင့်..

"တို့ က ညတုန်းက ဆယ်နာရီခွဲမှ ပြန်ရောက်တာလေ။ ယူတို့ က စောစောအိပ်တာ အကျင့်ပဲလား"

"အင်း..၊ စီးပွားရေးလုပ်ငန်းတွေ ဘာညာမရှိတော့ ဖေဖေကလဲ စာလေးဘာလေးဖတ်ပြီး အိပ်တာပဲလေ၊ တို့ လဲ ဒီလိုပဲ"

"အင်း.. အင်း"

သူမက လက်နှစ်ဖက်နောက်ပစ်၍ ခေါင်းညိတ်သည် ။

"ပြီးမှ စကားဆက်ပြောမယ်၊ တို့ ကို ရေအိမ်လိုက်ပို့စမ်းပါ"

"အဲဒီကသွားလေ၊ ကွေ့လိုက်ရင် ရေအိမ်ပဲ"

လှဖုရားက ဘက်ဘက်စကြိုလမ်းလေးကို မေးဆတ်လှည့်ပြ၍ ကိုင်ထားသည့် ရေခဲသေတ္တာကို ခုမှ ဖွင့်ရသည် ။

တစ်ရေးနိုး ရေထသောက်တတ်တာ သူမအကျင့် ဖြစ်သည် ။ စားပွဲပေါ်မှာ ရေချိုင့်တင်ထားတော့လည်း အအေးပျက်နေတာ မကြိုက်။

ပြီးတော့ ရေခဲသေတ္တာဆီ ရောက် လာပြီး စားစရာနှစ်မျိုးသုံးမျိုးလောက် ပါးစပ်ထဲကောက်ထည့်ပြီးမှ ရေမော့သောက်လိုက်ရတာကို အကျင့်ပါနေပြီဖြစ်သည် ။

တစ်ရေးနိုးဖြစ်ဖြစ် ဘာဖြစ်ဖြစ် ပလုတ်မကျင်းဖြစ်ဘဲ ထိုးသိပ်မျိုချပြီး အိပ်ရာထ ပြန်ပစ်လှဲ၊ ပြီးတော့ စောင်ဆွဲခြုံ ကွေးနေရတာကို နှစ်သက်သည် ။

ဒါပေမဲ့ ဒီနေ့ စားစရာဆီ လက်က မရောက်နိုင်ဘဲ ထိုလက်ကို

အနမ်းပွင့်ခြွေက ဖမ်းဆွဲထားလိုက်ကာ..

"လိုက်ပို့ပါဟာ၊ ယူက အိမ်ရှင်ပဲဟာ။ အသားမကျသေးခင် နှစ်ရက် သုံးရက်ပေ့ါ"

ဖြစ်ရလေ။ လှဖုရား သူမ ဆွဲခေါ်သည့်အတိုင်း ပါလာခဲ့ရလေသည် ။ သူမသည် စီးပိုးတာမျိုးလည်း မဟုတ်၊ ရဲတင်းတာနှင့်လည်း မတူပါ။

လှဖုရားကို တရင်းတနှီး ဆက်ဆံလိုက်တာမျိုး ဖြစ်သည် ။ ရေအိမ် က ထွက်လာတော့ သူမကပဲ လှဖုရားပခုံးကို ဖက်လိုက်ပြီး..

"ဘာအားကိုးနဲ့ ဒီလောက်တောင် ဝ,နေရတာလဲ၊ အဟွန်း ပွင့်ကို အားကျလို့ လား"

လှဖုရားမျက်နှာလေး တည်သွားပြီး ဘာမှ ပြန်မပြောလိုက်မိပေ။ သူ မက သဘောပေါက်သွားပုံပေါ်ကာ တစ်ချက်ရယ်လိုက်၍ ..

"ယူက ချစ်စရာလေးပါ၊ မျက်လုံးတစ်ဖက်ပဲ ဖျက်နေတာ။ စနေမရုပ် ရှင်ထဲကလို ဆံပင်တစ်ခြမ်း အုပ်ပစ်လိုက်ပါလား၊ စတိုင်လ်သစ်ပေ့ါ။ လျောင်နေတာ မဟုတ်ဘူး နော် တကယ်အကြံပေးတာ။ ကိုယ်လုံး ဝနေ တာကတော့ လှချင်ရင် ဒုက္ခခံပြီး လေ့ကျင့်ရမှာ ပေ့ါ၊ ဘယ့်နှယ်လဲ"

"ဟင့်အင်း"

သူမ တကယ်တိုက်တွန်းနေတာမှန်း သိပေမယ့် အားငယ်ရှက်ရွံ့ခြင်း ကို ဘယ်လိုမှ ဖယ်ထားလိုက်လို့ မရဘဲ ဖြစ်နေမိသည် ။

ဤကဲ့သို့ ပွင့်လင်းဖော်ရွေနေသည့်အဖြစ်ကိုက လှဖုရားဟာ သူမနှင့် ဘယ်လိုမှ ပြိုင်ဘက်ဖြစ်မလာနိုင်ဘူးဆိုသည့် သတ်မှတ်ချက်နှင့် ဖြစ်လိ မ့်မည်။

တကယ်ဆို လင်ပါသမီးနှင့် မယားပါသမီး ပြိုင်ဆိုင်ချင်လို့ မဟုတ်ပေမယ့် နေရာကတော့ အတူတူပဲဖြစ်သည် ။

ရုပ်ဆိုးအကျည်းတန်ခဲ့ရသော ကိုယ့်ဘဝကံကြမ္မာကြောင့်သာ..

"လှဖုရား ဆိုတဲ့ နာမည် ဘယ်သူပေးတာလဲဟင်"

ဘာမှ လည်း မစဉ်းစားချင်တော့ဘဲ ရေခဲသေတ္တာကို စိတ်မပါစွာဖွင့်၍ ရေချည်းပဲ မော့သောက်နေတုန်းမှာ သူမက စကားတွေ ရှည်လာပြန်သည် ။

လှဖုရား ရေမမျိုချ၊ ရေဘူး ပြန်ပိတ်ပြီး ရေခဲသေတ္တာကိုပါ ကျောခိုင်းလိုက်တဲ့ အထိ သူမက လိုက်ကြည့်နေ၏။

"မေမေပေးတဲ့ နာမည်ပါ၊ တို့ အိပ်တော့မယ်"

"အဲဒါကြောင့် ယူ ဝ,နေတာပေါ့၊ တို့ ဆို တစ်နေ့မှာ သုံးနာရီပဲ ပုံမှန်အိပ်တယ်"

"ဟင်.."

"တကယ်ပြောတာ၊ အခု နိုးလာတာပဲလေ။ ကိုယ်ကာယအလှအတွက် ထရန်နင်လုပ်မယ်၊ တို့ ခြံထဲမှာ ကစားကွင်းရှိတော့ ကွင်းကိုပတ်ပြေးတယ်။ ဒီမှာ က ဒီနဲ့ အထာကျဖို့ တော်တော် ပြင်ဆင်ရဦးမှာ ။ မေမေကတော့ ထရန်နင်ခန်း ထည့်ပေးမယ်တဲ့ ။ ပြေးဖို့ ကိုတော့ မနက်ကျမှ ပဲ ခြံကိုကြည့်ပြီး ပြင်သင့်တာ ပြင်ရမယ်။ ယူ တို့ နဲ့ လိုက်လုပ်ပါလား"

"မလုပ်ချင်ဘူး"

ငိုင်တွေတွေ မထုံတက်တေးလေးနှင့် လှဖုရားကိုကြည့်ကာ အနမ်းပွ

င့်ခြွေက နှုတ်ခမ်းလေး တွန့်မဲ့သွား၏။

"သေချာပါတယ်၊ နောင်ဆို ယူ ဒီထက်တိုးပွားလာဦးမှာ ပဲ"

"မတတ်နိုင်ဘူး အနမ်းပွင့်ခြွေ"

"ခြွေ လို့ ပဲ ခေါ်ပါ၊ မာမီလဲ ဒီလိုပဲခေါ်တာ"

သူမကိုယ်သူမ ခြွေလို့ ပဲခေါ်ပါဆိုတော့ လှဖုရား ခေါင်းညိတ်၍ ..

"ဘာပဲလုပ်လုပ် ထူးလာတော့မှာ မှ မဟုတ်တာ၊ ရှိပါစေတော့"

"ပစ်စလက်ခတ်နေရင် ပိုဆိုးမှာ လေ။ လှဖို့ မလှဖို့ ထက် ဒီလောက် ထိ အဆီတွေကျပ်နေမှ တော့ ကျန်းမာရေးလဲ ထိခိုက်လာမှာ ပဲ။ ရုပ်မ လှပေမယ့် ကိုယ်လုံးလေး ကျကျနနဆို တော်သေးတာပဲ"

လှဖုရား ခေါင်းခါ၍ သူမရှေ့ကနေ လှည့်ထွက်လာခဲ့သည် ။ ခြွေက သမင်လည်ပြန် လိုက်ကြည့်ကာ..

"နာမည်လေးနဲ့ လိုက်သွားအောင် တို့ က စေတနာနဲ့ အကြံပေးတာပါ၊ မရတော့လဲ မတတ်နိုင်ဘူးပေ့ါ"

ပါလာပြန်ပြီ ဒီနာမည်။

လှဖုရား နှုတ်ခမ်းတစ်ဖက်ကို ဖိကိုက်ကာ အခန်းထဲကို ခေါင်းငိုက်စိုက်လေးနှင့် ပြန်ရောက်လာခဲ့၏။

တံခါးကို နောက်ပြန်ပိတ်၍ မွေ့ရာဆီကို နွမ်းယဲ့စွာ လှမ်းလာခဲ့မိသည် ။

ထိုအခါ ကိုယ်လုံးပေါ်မှန်ချပ်ကြီးထဲမှာ အိပ်ရာဆီကို သွားနေသော ကိုယ်တစောင်းပုံရိပ်က ထင်ဟပ်လာ၏။

မှန်ကိုလှည့်မကြည့်ဖြစ်သော်လည်း မှန်ရှေ့တည့်တည့်မှာ ခြေစုံရပ်

သွားခဲ့သည် ။

မျက်ဝန်းထောင့်ကနေ မှန်ထဲကို အားစိုက်ငေ့ကြည့်၍ တည့်တည့်မကြည့်ဖြစ်အောင် အံကြိတ်ထားမိ၏။

လူက ဝဝ၊ မျက်နှာက မလှမပနှင့် တစ်ရေးနိုးပုံစံကြီးကို လှည့်လည်း မကြည့်လိုတော့ပေ။

ခုတင်ဆီသို့ လေးဖင့်စွာ ဆက်လှမ်းရင်း ခြွေ့ မျက်နှာလှလှလေးကို မြင်ယောင်လာ၏။

လှလိုက်တာ မျက်ဝန်းမှာ မျက်ရည်တို့ ဝေ့သီလျက် လှိုက်လှဲစွာ ဆုတောင်းလိုက်မိသည် ။

ကံကြမ္မာဝဋ်ကြွေးများ ရှိပါက ဒီဘဝမှာ ပဲ ကျေပါစေ။

******

# အခန်း (၄)

ခဏခဏ မြင်ဖူးနေကြတာကို နှစ်ယောက်စလုံးက သိနေသည် ။ ခုလည်း မျိုးသန့်ဇော်၏ အကူအညီနှင့် တမင်ရောက်လာတာကို သိကာ ဖန်ဆင်းရဲက ပြုံးပြလိုက်သည် ။

"ဖန်ဆင်းလဲ မှတ်ထားကွာ၊ သူက ရှိုးပွဲတွေမှာ မပါမပြီးတဲ့ dancer ပဲ။ နာမည်က အနမ်းပွင့်ခြွေ"

"ခြွေလို့ ပဲ တရင်းတနှီးခေါ်ပါ၊ သူ့ကို ခြွေက ခင်ချင်နေတာ ကြာပြီ၊ ခပ်တည်တည်ကြီးဆိုတော့ ဘယ်လိုမိတ်ဆက်ရမှန်း မသိတာနဲ့ .."

"ကျွန်တော် ဒီလိုပဲ နေတတ်လို့ ပါ"

လုပ်ငန်းရှင် သူဌေးကြီးတစ်ဦး၏ မွေးနေ့ဖျော်ဖြေပွဲမှာ ဆုံမိကြသည် ။ ဒီပွဲမှာ ခြွေတို့ လည်း ပါသည် ၊ ဖန်ဆင်းရဲလည်း ပါ၏။

"လုပ်ငန်းချင်းနီးစပ်ပြီး ခါတိုင်းတော့ ဒီလိုမဆုံဖြစ်ဘူးနော်"

အများကြီး ဝိုင်းထိုင်ဖြစ်ကြပြီးမှ အကြောင်းအမျိုးမျိုးနှင့် ဟိုထ၊ ဒီသွားဖြစ်ကုန်ကာ ဖန်ဆင်းရဲနှင့်ခြွေ နှစ်ယောက်တည်း ကျန်ခဲ့၏။

အပြာရောင် မီးရောင်အောက်မှာ အပြာချင်းရောကာ လှချင်တိုင်းလှနေသည့် ခြွေ့ကို ဖန်ဆင်းရဲက စိုက်ကြည့်သည် ။

နက်ပြာရောင်ပျော့အိနေသည့် ဘောင်းဘီရှည်ကျပ်ကျပ်၊ ကိုယ်ကျပ်

ခါးတိုကပ်ကပ်လေးနှင့် ကနေတုန်းကတော့ အပေါ်က ဝစ္စကုတ်မပါပေ။

အခုရှေ့မှာ တော့ ငွေမင်ရောင် ဖိတ်ဖိတ်လက်နေသည့် ဝစ္စကုတ်တစ်ထည်ကို ထပ်ဝတ်ထားပြီး ဖြစ်သည် ။

နှုတ်ခမ်းမှ လည်း ခရမ်းပြာရောင်ဆိုးထားသည် ။ မျက်ခွံတွေပေါ်မှ အပြာရောင်၊ မျက်ခုံးစပ်စပ်လေးမှာ အပြာ။

ခြွေက တကယ်လည်း လှပါသည် ။

"ကိုဖန်ဆင်းက ဘာကြည့်တာလဲဟင်၊ ခြွေ့ကိုယ်မှာ ချို့ယွင်းချက်တစ်ခုခု တွေ့လို့ လား"

ကြည့်နေတာကို တည့်တည့်ပြန်ကြည့်၍ မေးရဲသည့် ခြွေ့ကို ဖန်ဆင်းက သဘောကျစွာ ပြုံး၏။

"မတွေ့ပါဘူး၊ ခြွေက လှပါတယ်။ ဟောဒီပွဲထဲမှာ အလှဆုံးဆိုရင်တောင် မှားမှာ မဟုတ်ဘူး "

"ဟင်.. တကယ်ဟုတ်လို့ လား"

ခြွေ့အသံလေးက မူနွဲ့သံလေးနှင့် မခို့တရို့လေး မျက်လွှာချတော့ ချစ်စရာလေး ဖြစ်သွားသည် ။ နှစ်ယောက်သား ရင်းနှီးဖို့ စကားတွေခင်း၊ စ,နောက်ကြရင်းနှင့် ခြွေကပဲ ကြိုးစားခဲ့ရသည် ။

ဖန်ဆင်းရဲဆိုတာကိုကော၊ ဒီလူ ဘယ်လိုလူလဲ ဆိုတာကိုကော ခြွေက သိပြီးသား။ လူကိုလည်း သဘောကျသည် ၊ ပညာကိုလည်း အထင်ကြီး၏။

"ကိုဖန်ဆင်း"

"ဖန်ဆင်းလို့ ပဲ ခေါ်ပါ၊ မင်းနဲ့ တို့ အသက် သိပ်ကွာမယ်မထင်ပါဘူး"

"အင်း.. ဒါဆို ခေါ်မယ်နော်၊ ခြွေကလေ ဖန်ဆင်းလို့ ခေါ်ရတာလေး ကို ပိုကြိုက်တာ။ အဓိပ္ပာယ်လဲ ရှိမယ်ထင်တယ်။ ခြွေ့ကို ဖန်ဆင်းရဲ့ ပညာတွေနဲ့ ဖန်ဆင်းပေးပါလားဟင်"

"ဗျာ.."

ခြွေက ပြုံးလိုက်ပြီး စားပွဲပေါ်မှာ ရှိနေသည့် စားစရာတွေကို စိတ်မပါဘဲ ဟိုတို့ ဒီတို့ လုပ်နေ၍ ..

"တစ်မျိုးတော့မထင်ပါနဲ့ ၊ ခြွေက အကတော့ ပိုင်တယ်၊ အဆို သိပ်မရဘူးလေ။ အဲဒါ ဖန်ဆင်းက အသံဖမ်းလဲတော်တဲ့ ဒီဂျေဆိုတော့ ကူညီနိုင်မလားလို့ ပါ"

"သြော်.."

ဖန်ဆင်းက ပြုံး၍ ခေါင်းညိတ်လိုက်၏။ ထိုစဉ် ထသွားကြသည့် ခြွေတို့ အဖွဲ့တွေ ပြန်ရောက်လာကြကာ..

"ဘယ်လိုလဲ၊ အဆင်ပြေကုန်ကြပြီလား"

"မညာကြေးနော်၊ မှန်မှန်ပြော"

တစ်ယောက်တစ်ခွန်း ဝိုင်းစကြရင်း ခုံလွတ်တွေမှာ ဝင်ထိုင်လိုက်ကြသည် ။

"ဘာတွေ လျှောက်ပြောနေကြတာလဲ"

ခြွေက မျက်နှာလေးငုံ့၍ ရှက်ရွံ့ဟန်လေးနှင့် တားဆီးသည် ။

"အံမယ် တလွဲတွေ တွေးနေပြန်ပြီ၊ နင်ပြောမလို့ ဆိုတဲ့ ကိစ္စကို ပြောတာပါ၊ သီချင်းဆိုဖို့ လေ၊ တစ်ယောက်က အသံဖမ်း၊ တစ်ယောက်က ဆို ၊ ဘယ်လောက် လိုက်ဖက်လဲ"

"ဟာ အဲဒီလိုတွေ အဆင်ပြေကုန်ကြပြီလား၊ မြန်သားပဲ"

မျိုးသန့်ဇော် ရောက်လာတော့ ပိုဆိုးသွား၏။ ဖန်ဆင်း ဘာမှ မပြော ဘဲ ပြုံး၍ ပဲ နေလိုက်၏။

မျိုးသန့်ဇော်က ဒရမ်သမားကောင်း တစ်ယောက်ဖြစ်ကာ သူနှင့် ရင်းနှီးဆုံးသူငယ်ချင်း၊ ခွေနှင့်လည်း သိကျွမ်းလာခဲ့ရင်း..

"အနမ်းပွင့်ခွေတဲ့ ကွ၊ ငါ့ကို လာရောနေတာ ကြာပြီ၊ ဒါပေမဲ့ ကြွေချ င်တာကတော့ မင်းကိုဖြစ်မယ်၊ ငါထင်သိလား၊ တစ်နေ့နေ့ မင်းဆီ တိုက် ရိုက် ရောက်လာနိုင်တယ်"

သူ့ကို ကြိုတင်နိမိတ်ပြေးထားပြီ ဖြစ်သည် ။ ထို့ပြင်..

"သူ့မှာ အဖေမရှိတော့ဘူးကွ။ အမေက နောက်အိမ်ထောင်ပြုထား တယ်၊ တော်တော်တော့ ချမ်းသာပုံရတယ်။ နေပုံထိုင်ပုံက အရမ်း ဟော့ ထဲက ဖြစ်တယ်"

ဘာဖြစ်ဖြစ် ဖန်ဆင်း စုံစမ်းနေဖို့ မလိုပေ။ အဆိုတော်လည်း မဟုတ် ၊ ရုပ်ရှင်မင်းသားလည်း မဟုတ်ပါ။ ဒါပေမဲ့ ဖန်ဆင်းကို မိန်းကလေးအ တော်များများ သတိထားမိကြ၏။ ဘယ်လို နောက်ကွယ်မှာ ပဲနေနေ ထ င်းနေတတ်သည့် ဖန်ဆင်းရဲ့ စတိုင်လ်က မီးမောင်းထိုးပြနေဖို့ မလို။

အားလုံးက ဖန်ဆင်းနှင့်ခွေ့ကို သာသာထိုးထိုးလေး စ,နေခဲ့ကြသည် ။ တကယ်လည်း ရင်းနှီးသွားခဲ့ကြပါသည် ။

"ကူညီလိုက်ပါ ဖန်ဆင်းရာ၊ ခွေက တကယ်ဝါသနာပါတာကွ။ ငါ့ကို လဲ အကူအညီတောင်းနေတာ ကြာပြီ၊ သူက ဆိုနေရင်းနဲ့ ကချင်တာ"

မျိုးသန့်ဇော်က ဝင်ထောက်ပေးတော့ ခွေ့မျက်နှာလေး မော့လာကာ ...

"ဟုတ်တယ် ဖန်ဆင်းရယ်၊ ခြွေကလေ သူများ ဆိုနေတာကို ကချင်တာ မဟုတ်ဘူး ၊ ကိုယ်တိုင် ဆိုချင်တာ။ ဒီလောကမှာ ခြွေက ရင်းနှီးပြီးသားဆိုတော့ အောင်မြင်မယ်လို့ လဲ ထင်တယ်"

"အောင်မြင်မှုဆိုတာ နီးစပ်ရင်းနှီးတိုင်း ရတာမျိုး မဟုတ်ဘူး ခြွေရဲ့ ။ ပြောပြတာနော်၊ စိတ်ဓာတ်ကျဖို့ တော့ မလိုပါဘူး၊ ဘယ်အရာဖြစ်ဖြစ် စိတ်ထက်သန်ပြီး ကြိုးစားအားစိုက်ရှိနေရင် အောင်မြင်နိုင်ပါတယ်။ နောက်တစ်ခုက.."

"ပြောပါဦး၊ ရင်တွေတုန်လိုက်တာ၊ ခြွေ မဖြစ်နိုင်လို့ လားဟင်.."

ဖန်ဆင်းရဲ ခေါင်းခါပြလိုက်ပြီး အားလုံး မျက်နှာတွေကို ဝေ့ကြည့်၍ ..

"သိစေချင်တာပါ၊ မဖြစ်နိုင်တာကော၊ ဖြစ်နိုင်တာကော ဆွဲထုတ်ကြည့်ပြီးမှ ခြွေ စဉ်းစားပေ့ါ။ လူတစ်ယောက်မှာ စူးစိုက်မှုသန်ကြတဲ့ ဝါသနာတစ်ခုစီပဲ ရှိတတ်တယ်။ နှစ်ခုသုံးခု တစ်ပြိုင်တည်း အောင်မြင်ကြတာလဲ ရှားပါတယ်"

"ဒါဆို ဖန်ဆင်းက ကဖို့ ကော၊ ဆိုဖို့ ကော ခြွေ မဖြစ်နိုင်ဘူးလို့ ပြောလိုက်တာလား"

"မဖြစ်နိုင်ဘူးဆိုတာ ဘယ်အရာမှ မရှိပါဘူး၊ ခြွေ စဉ်းစားထားဖို့ ကို ပြောတာ။ နိုင်ငံခြားအဆိုတော်တွေရဲ့ စတိတ်ရှိုးကိုကြည့်ရင် တကယ် အားကျစရာပါ။ သူတို့ ရဲ့ မယ်လိုဒီတွေက ရှိတ်ခံကို အရမ်းအားပြုတာ၊ ယဉ်ကျေးမှု အခြေခံချင်းကိုက မတူခဲ့တာလေ။ ဒီထဲမှာ ပဲ သူတို့ ရဲ့ သံယောဇဉ်တွေနဲ့ ကိုက်ညီတဲ့ ဝတ်စားဆင်ယင်မှုတွေ တွဲပါလာတာပေ့ါ။ မြန်မာနိုင်ငံမှာ တော့ အဆိုတော် ဒန်စာ မရှိသေးဘူး။ ဆိုနေရင်းနဲ့ လက်ပါခြေပါ ဖြစ်သွားတာလေးတွေလဲ လှပါတယ်၊ ခြွေ ဝါသနာပါတယ်

ဆိုရင်  တစ်ဖက်တည်းမှာ အားစိုက်ကြည့်ပါလား၊ ကတာဖြစ်ဖြစ်၊ ဆိုတာဖြစ်ဖြစ်"

အားလုံးက ငြိမ်သက်နေကြသည် ။ ခြွေကတော့ မျက်နှာလေးညှိုးလျက် ကလေးဆိုးလေးလို ခေါင်းခါပစ်လိုက်၏။

"ခြွေကတော့ ဆိုနေရင်းနဲ့ ကချင်တာ။ အသံ အရမ်းမဖြစ်ရင်တောင်မှ ဆိုနေရင်းနဲ့ ကမှာ ဆိုတော့ ဖြစ်နိုင်လောက်ပါတယ်။ ဖန်ဆင်းရှိနေတာပဲ အသံကို နည်းနည်း ထိန်းပေးလေ"

ဘယ်လိုမှ ဖျောင်းဖျမရတော့တာကို နားလည်လိုက်ကာ ဖန်ဆင်းက ခေါင်းညိတ်၍ ..

"အသံကို စမ်းကြည့်မယ်လေ၊ ဒါပေမဲ့ မဖြစ်နိုင်လောက်ဘူးထင်ရင် ကျွန်တော်က အားမနာတတ်ဘူးနော်။ စိတ်ဆိုးမှာ စိုးလို့ ကြိုပြောထားတာ"

"မဆိုးဘူး၊ ခြွေ့အသံ ဒီလောက်မဆိုးဘူးဆိုတာကိုလဲ ယုံပြီးသား။ ဘယ်နေ့ အသံစမ်းမလဲ၊ မြန်မြန်စမ်းနော်၊ ခြွေက အရမ်းကို ထက်သန်နေတာ"

မြှောက်ထိုးပင့်ကော်တွေကြားထဲမှာ ဖန်ဆင်း ခေါင်းညိတ်ပေးလိုက်ရ၏။ ကိုယ့်ဘက်က ဗဟု သုတ အတွေ့အကြုံရှိသလောက်ကို ပြောပြခဲ့ပြီးပြီ။

ကိုယ်တိုင်ထိမှ သိမယ်ဆိုလည်း မတတ်နိုင်။

******